# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၈) ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း။ | ၄-၅ |
| ၃။ | မြို့နယ်တရားရုံးများအားတရားမစီရင်ပိုင်ခွင့်အာဏာများတိုးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း။ | ၆-၇ |
| ၄။ | ယူကေနိုင်ငံတွင် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများကို တားဆီးရန် အပြုသဘောဆောင်သော တာဝန်တစ်ရပ်ကို ပြဋ္ဌာန်းခြင်း။ | ၈-၁၁ |
| ၅။ | The Hague Convention on Mutual Legal Assistance (MLA) treaty နှင့် စပ်လျဉ်း၍ လေ့လာခြင်း။ | ၁၂-၁၃ |
| ၆။ | ဩစတြေးလျနိုင်ငံအစိုးရက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့် သက်သေများကို အကာအကွယ်ပေးသည့်ဥပဒေကြမ်းတစ်ရပ်အားထုတ်ပြန်မည်ဖြစ်ကြောင်းကိုကြေညာခြင်း။ | ၁၄-၁၅ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၈) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ယခုသီတင်းပတ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ နေပြည်တော်ကောင်စီ ပြည်သူ့ စစ်မှုထမ်း ဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ အရန်တပ်ဖွဲ့ဝင် ဆင့်ခေါ် ရေးဗဟိုအဖွဲ့ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ တို့ကို အများပြည်သူများ လွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြ ဝန်ဆောင်မှုပေးထားသည်။

အရန်တပ်ဖွဲ့ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက (၄-၁၁-၂၀၁၀) ရက်နေ့၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ်၊ ၂၈/၂၀၁၀ ဖြင့် ပြဋ္ဌာန်းခဲ့ပြီး The Myanmar Reserve Forces Act ကို ရုပ်သိမ်းခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၂၄ ဖြင့် အရန်တပ်ဖွဲ့ ဥပဒေသည် (၁၃-၂-၂၀၂၄) ရက်နေ့မှ စ၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁ ပုဒ်မခွဲ (ခ) အရ သတ်မှတ်ခဲ့ပါသည်။

အရန်တပ်ဖွဲ့ဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဝန်ကြီး ဌာနက ယင်းဥပဒေပုဒ်မ-၁၂ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အရန်တပ်ဖွဲ့ဝင် ဆင့်ခေါ်ရေးဗဟိုအဖွဲ့ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ အမှတ်၊ ၁/၂၀၂၄ ကို (၁၆-၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းခြင်းမှ နုတ်ထွက်ခွင့် သို့မဟုတ် အငြိမ်းစားယူခွင့်ရရှိသည့် နေ့ရက်မှ စ၍ ငါးနှစ်အထိ အရန်တပ်ဖွဲ့တွင် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိကြောင်းကို အရန်တပ်ဖွဲ့

ဥပဒေပုဒ်မ ၂ ၌ ပြဋ္ဌာန်းထားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်မှုထမ်းခြင်းမှ မိမိဆန္ဒအလျောက် နုတ်ထွက်သော သို့မဟုတ် အငြိမ်းစားယူသော စစ်မှုထမ်းတစ်ဦးအား အရန်တပ်ဖွဲ့ဝင်အဖြစ် ခန့်အပ်နိုင်ကြောင်း ၊ လေ့ကျင့်ရေးအတွက်ဖြစ်စေ၊ အရေးပေါ်အခြေအနေများအတွက်ဖြစ်စေ စစ်မှုထမ်းဆောင်ရန် ဆင့်ခေါ်ခြင်းခံရသူအား တပ်မတော်၌ တာဝန်ထမ်းဆောင်စဉ်က ခွင့်ပြုခဲ့သော နောက်ဆုံးအဆင့်နှင့် စစ်ဝတ်စုံ တို့ကို သုံးစွဲခွင့်ပြုနိုင်ကြောင်း၊ အရန်တပ်ဖွဲ့ဝင်တစ်ဦး အရန်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း တာဝန်ထမ်းဆောင်မှုအပေါ် မူတည်၍ ရာထူးနှင့်အဆင့်ကို တိုးမြှင့်ခြင်း သို့မဟုတ် လျှော့ချခြင်းတို့ကို ပြုနိုင်ကြောင်း ၊ အရန်တပ်ဖွဲ့ဝင်တစ်ဦးအား နိုင်ငံတော်အကျိုးငှာ ဆက်လက်တာဝန်ပေးအပ်ရန် လိုအပ်ပါက ငါးနှစ်ထက်ကျော်လွန်၍ တာဝန်ပေးအပ်နိုင်ကြောင်းနှင့် အရန်တပ်ဖွဲ့ဝင်တစ်ဦးသည် တပ်မတော်မှ ရရှိသော အငြိမ်းစားလစာအပြင် သတ်မှတ်သော အကျိုးခံစားခွင့်များကို ခံစားနိုင်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင်အရန်တပ်ဖွဲ့ဝင်အဖြစ် စစ်မှုထမ်းဆောင်ရန် ဆင့်ခေါ်ခြင်းခံရသူသည် သတ်မှတ်ထားသော နေရာသို့သတ်မှတ်အချိန်အတွင်းသတင်းပို့ရမည်ဖြစ်ကြောင်းနှင့် လုံလောက်သောအကြောင်းပြချက်မရှိဘဲသတင်းပို့ရန်ပျက်ကွက်ကြောင်း တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ကြောင်း၊ အရန်တပ်ဖွဲ့ဝင် တစ်ဦးသည် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို လိုက်နာရမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

e-Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကိုဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း

ပြည်သူ့ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ၁၉၉၅ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၄ ဖြင့် ၂၆-၄-၁၉၉၅ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ် ၁/၉၅အရ ၁-၁၀-၁၉၉၅ ရက်နေ့တွင် “မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေ” ဟုပြောင်းလဲခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃/၁၉၉၇ ဖြင့် ၃၀-၁၂-၁၉၉၇ ရက်နေ့တွင် ပထမအကြိမ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၆/၂၀၂၄ဖြင့် ၁၁-၂-၂၀၂၄ ရက်နေ့တွင် ဒုတိယအကြိမ် ပြင်ဆင်ခဲ့ပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေအရ ယခင်က တိုင်း သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူးများသာ ကျင့်သုံးနိုင်သည့် အုပ်ချုပ်မှုအာဏာနှင့်ပြစ်မှုကျူးလွန်သော ရဲတပ်ဖွဲ့ဝင်များအား ချုပ်နှောင်ခွင့်၊ အကျဉ်းနည်းစစ်ဆေးခွင့် အာဏာများကို တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက်အဆင့်ရှိ ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများလည်း ကျင့်သုံးနိုင်မည်ဖြစ်ပြီး ဖမ်းဆီးထားသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ၂၄ နာရီထက်ကျော်လွန်ပြီး ၇ ရက်အထိ အကျယ်ချုပ် သို့မဟုတ် အကျဉ်းချုပ်နှင့်ထားနိုင်ခွင့်ကို ယခင်က ရဲမှူးထက်အဆင့်မနိမ့်သော အရာရှိ တစ်ဦးဦးက အမိန့်ပေးနိုင်သော်လည်း ယခုအခါ ရဲတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူး၊ ဒုတိယကျောင်းအုပ်ကြီး၊ ဌာနခွဲမှူးများနှင့် ယင်းတာဝန်ထမ်းဆောင်နေသော ရဲမှူးအဆင့်ထက်မနိမ့်သော ရဲအရာရှိဖြစ်မှသာ အမိန့်ပေးနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် ရဲချုပ် သို့မဟုတ် ရဲချုပ်က တာဝန်ပေးအပ်သည့် ရဲမှူးချုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိသည် တပ်ဖွဲ့ သို့မဟုတ် ရဲလေ့ကျင့်ရေးကျောင်းများမှ ရဲမှူးကြီးအဆင့်နှင့်အထက် အဆင့်ရှိ

ကွပ်ကဲရေးမှူး သို့မဟုတ် တပ်ဖွဲ့မှူး သို့မဟုတ် ကျောင်းအုပ်ကြီးများ၏ အခွင့်အာဏာကို ကျင့်သုံးနိုင်သည် ဆိုသည့် ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ထားပါသည်။

အထက်ဖော်ပြပါ အခွင့်အာဏာပေးအပ်သည့် ပြဋ္ဌာန်းချက်များနှင့် အသစ်ဖြည့်စွက်သည့် ပြဋ္ဌာန်းချက်တို့မှလွဲ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပါ ကျန်ပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ တို့ပါ စကားရပ်အသုံးအနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်ထားခြင်းဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေကို ကိုင်တွယ် ကျင့်သုံးရာတွင် တိုးချဲ့ဖွဲ့စည်းထားသော ရဲတပ်ဖွဲ့ ဖွဲ့စည်းပုံနှင့်ကိုက်ညီမှုရှိစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဥပဒေ တို့ပါ စကားရပ်အသုံးအနှုန်းများနှင့် ကိုက်ညီမှုရှိစေရန် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## မြို့နယ်တရားရုံးများအား တရားမစီရင်ပိုင်ခွင့်အာဏာများ တိုးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခြင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြို့နယ်တရားရုံးများအား တရားမ စီရင်ပိုင်ခွင့်အာဏာများတိုးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၂၀၅/၂၀၂၄)ကို ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ထုတ်ပြန် ကြေညာခဲ့ပါသည်။

အဆိုပါအမိန့်ကြော်ငြာစာအရ မြို့နယ်တရားရုံးအား တန်ဖိုးကျပ်သိန်း ၅၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကို အပ်နှင်းခဲ့ပါသည်။

ထို့ပြင် မြို့နယ်တရားသူကြီးကို တန်ဖိုးကျပ်သိန်း ၅၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စစ်ဆေးစီရင်ရန်လည်းကောင်း၊ တွဲဖက်မြို့နယ်တရားသူကြီးကို လည်း တန်ဖိုးကျပ်သိန်း ၅၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စစ်ဆေးစီရင်ရန် လည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီးကို တန်ဖိုးကျပ်သိန်း ၂၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စစ်ဆေးစီရင်ရန်လည်းကောင်း စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခဲ့သည့် အပြင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေအရ စွဲဆိုသည့်အမှုများကို ဒုတိယမြို့နယ်တရားသူကြီးများအား စစ်ဆေးစီရင်ခြင်းမပြုစေဘဲ မြို့နယ်တရားသူကြီးကဖြစ်စေ၊ တွဲဖက်မြို့နယ်တရားသူကြီးကိုလွှဲအပ်၍ဖြစ်စေ စစ်ဆေးစီရင်ရန် အာဏာ အပ်နှင်းခဲ့ပါသည်။

ယခုထုတ်ပြန်သည့်အမိန့်ကြော်ငြာစာသည် ၂၀၂၄ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အာဏာ သက်ရောက်မည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။ ထို့ပြင် ၂၀၂၄ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မတိုင်မီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးနှင့် ခရိုင်တရားရုံးများ တွင်စွဲဆိုသောအမှုများနှင့်စစ်ဆေးစီရင်လျက်ရှိသည့်အမှုများကို မြို့နယ်တရားရုံးများသို့ လွှဲပြောင်း ပေးပို့ခြင်းမပြုဘဲ မူလအမှုစွဲဆိုသည့်သက်ဆိုင်ရာတရားရုံးများကသာ ဆက်လက်စစ်ဆေးစီရင်ရမည် ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

ယခင်က မြို့နယ်တရားသူကြီးကို တန်ဖိုးကျပ်သိန်း ၁၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စစ်ဆေးစီရင်ရန်လည်းကောင်း၊ တွဲဖက်မြို့နယ်တရားသူကြီးကို တန်ဖိုးကျပ်သိန်း ၁၀၀ ထက်မပိုသည့် တရားမမူလမှု သို့မဟုတ် မူလမှုခင်းများကို စစ်ဆေးစီရင်ရန်လည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီးကို တန်ဖိုးကျပ်သိန်း ၃၀ ထက်မပိုသည့် တရားမ မူလမှု သို့မဟုတ် မူလမှုခင်းများကိုစစ်ဆေးစီရင်ရန်လည်းကောင်း စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၁)ကို ယခုထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ အာဏာတည်သည့် ၂၀၂၄ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း သိရှိရပါသည်။

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.unionsupremecourt.gov.mm/announcements/249

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၂) အမှတ် (၈) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

# ယူကေနိုင်ငံတွင် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများကို တားဆီးရန် အပြုသဘောဆောင်သော တာဝန်တစ်ရပ်ကို ပြဋ္ဌာန်းခြင်း

ယူကေနိုင်ငံတွင် အလုပ်သမားကာကွယ်ရေး (တန်းတူရေးဥပဒေပြင်ဆင်ချက်2010) Act 2023(အက်ဥပဒေ)သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် တော်ဝင်သဘောတူညီချက်ရရှိခဲ့သည်။ အဆိုပါအက်ဥပဒေသည် အင်္ဂလန်၊ဝေလနယ်နှင့်စကော့တလန်တို့တွင် အာဏာသက်ဝင်လာမည်ဖြစ်ပါသည်။ ယင်းအက်ဥပဒေတွင် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခံရခြင်းမှ ကာကွယ်ရန် အလုပ်ရှင်များ အားလုံးအတွက် ဥပဒေပါတာဝန်တစ်ရပ်ကို ဆောင်ရွက်ရန် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် အသက်ဝင်မည် ဖြစ်သည်။

ယင်းဥပဒေပြင်ဆင်ချက်တွင် အလုပ်ရှင်များအတွက် ပြဋ္ဌာန်းထားသော တာဝန်အသစ်ကို မိတ်ဆက်ခြင်းဖြစ်ပါသည်။ အလုပ်သမားများအပေါ် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုကို တားဆီးရန် ကျိုးကြောင်းဆီလျော်သောခြေလှမ်းများလုပ်ဆောင်ရန်အလုပ်ရှင်များကပျက်ကွက်ပါက ယူကေနိုင်ငံ တန်းတူရေးနှင့် လူ့အခွင့်အရေးကော်မရှင်က လျော်ကြေး ၂၅% အထိ တိုးမြှင့်သော ခုံရုံးတောင်းဆိုအတည်ပြုချက် အဆင့်ဆင့်ကိုလိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။

ယခင်က ယူကေနိုင်ငံဥပဒေအရ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုကို တားဆီးရန် 'ကျိုးကြောင်းဆီလျော်သော ခြေလှမ်းများ' ကို ခုခံကာကွယ်မှုတစ်ခုအဖြစ် တောင်းဆိုနိုင်မည် ဖြစ်သော်လည်း ဥပဒေအသစ်သည် ၎င်းတို့၏ဝန်ထမ်းများအား လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုကို တားဆီးရန် 'ကျိုးကြောင်းဆီလျော်သောခြေလှမ်းများ' ကိုဆောင်ရွက်ရန် အလုပ်ရှင်များအပေါ် တက်ကြွသော တာဝန်တစ်ခုအဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

ယူကေနိုင်ငံသည် ဤနည်းလမ်းကို လက်ခံကျင့်သုံးသည့်တစ်ခုတည်းသော နိုင်ငံမဟုတ်ပါ။ ဩစတြေးလျသည် ၎င်းတို့၏ လိင်ပိုင်းဆိုင်ရာ ခွဲခြားဆက်ဆံမှုအက်ဥပဒေအောက်တွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု အမျိုးအစားများကို တားဆီး

ရန်အလုပ်ရှင်များအပေါ် လိုက်နာရမည့်အပြုသဘောဆောင်သည့် တာဝန်တစ်ရပ်ကိုလည်း မကြာသေးမီက မိတ်ဆက်ပေးခဲ့သည်။

ဩစတြေးလျနိုင်ငံတွင်အနီးစပ်ဆုံးဖြစ်သော လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ နှိပ်စက်ညှဉ်းပန်းခံရမှုနှင့် လူတစ်ဦးအားငင်းတို့၏လိင်အပေါ်အခြေခံ၍ 'ရန်လိုသောအလုပ်ခွင်ပတ်ဝန်းကျင်' တွင် သက်ရောက်စေမည့် အပြုအမူများ လုပ်ဆောင်ခြင်းကဲ့သို့သော ကိစ္စရပ်တို့ကို 'အတတ်နိုင်ဆုံး ပပျောက်ရန် ကျိုးကြောင်းဆီလျော်ပြီး အချိုးကျသော အစီအမံများ ပြုလုပ်ရန်' အလုပ်ရှင်များအား တောင်းဆိုခြင်းဖြင့် ဩစတြေးလျ၏ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု ကာကွယ်သည့် တာဝန်သည် ပိုမိုကျယ်ပြန့်ပါသည်။

အီတလီနိုင်ငံတွင်အလားတူကာကွယ်ရေးတာဝန်များရှိသည်။ ရာဇဝတ်ကျင့်ထုံးတွင်အလုပ်ရှင်သည်ကျား-မဆိုင်ရာရန်လိုသည့်အကျင့်စရိုက်မှအကာအကွယ်ပေးခြင်းအပါအဝင်'အလုပ်သမားများ၏ ရုပ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ကိုယ်ရည် ကိုယ်သွေးကို ကာကွယ်ခြင်း' ဆောင်ရွက်ရန် လိုအပ်ကြောင်း ကနဦးတွင် ဖော်ပြထားသည်။ ဤမူကို Gender Equality Code တွင် ရှင်သန်အသက်ဝင်လာစေခဲ့သည်။

ယခုအခါအလုပ်ရှင်များသည်လုပ်ငန်းခွင်အတွင်းလိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုကိုတားဆီးရန်အတွက် လိုအပ်သော အစီအမံများအားလုံးကို လုပ်ဆောင်ရန်ဖြစ်ပြီး လိုအပ်ပါက အလုပ်သမားသမဂ္ဂများနှင့်သဘောတူညီချက်အရဆောင်ရွက်ရန်ဖြစ်ပါသည်။အဆိုပါအစီအမံများကို လိုက်နာရန်ပျက်ကွက်ပါက နှောင့်ယှက်ခံရသည့် အလုပ်သမားများ ထိခိုက် နစ်နာမှု တစ်စုံတစ်ရာအတွက် အလုပ်ရှင်က နှောင့်ယှက်ခံရကြောင်းကို အလုပ်ရှင်က သတိမပြုမိသော်လည်း လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများကို ခွဲခြားဆက်ဆံခြင်းအဖြစ် သတ်မှတ်ခံရပြီး နှောင့်ယှက်ခံရသည့်ဝန်ထမ်းများက အလုပ်ရှင်အပေါ် ထပ်မံအရေးယူပေးခြင်း၊ လက်တုံ့ပြန်ခြင်းမှ အကာအကွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယူကေနိုင်ငံတန်းတူရေးနှင့် လူ့အခွင့်အရေးကော်မရှင်ကဆောင်ရွက်သော သုတေသနပြုချက်များအရ ယခင်ကအဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ အကာအကွယ်များရှိနေသော်လည်း လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုမှာ ကျယ်ကျယ်ပြန့်ပြန့်ရှိနေဆဲဖြစ်ပြီး အစီရင်ခံမှုနည်းပါး၍ ကိုင်တွယ်ဖြေရှင်းမှု ညံ့ဖျင်းနေဆဲဖြစ်ကြောင်း အကြံပြုထားသည်။ ကော်မရှင်သည် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခံရသူများအတွက် လျော်ကြေးပေးမှုမရှိခြင်းကို မီးမောင်းထိုးပြပြီးအစိုးရအနေဖြင့်အလုပ်ရှင်များအတွက်မဖြစ်မနေလုပ်ဆောင်ရမည့် တာဝန်တစ်ရပ်ဖြစ်ကြောင်း အကြံပြုထားသည်။

အလုပ်ရှင်တစ်ဦးသည် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုကို တားဆီးရန် တာဝန်အသစ်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုအား လျော်ကြေးငွေ ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးရန် အလုပ်အကိုင်ဆိုင်ရာခုံရုံးများအား ဆုံးဖြတ်ခွင့်အာဏာပေးထားသည်။

ဤတာဝန်အသစ်သည် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုတောင်းဆိုမှုများတွင်သာအကျုံးဝင်ပြီး လွတ်လပ်စွာရပ်တည်ခွင့်တောင်းဆိုချက်အဖြစ် ယူဆောင်လာ၍ မရနိုင်ပါ။ တာဝန်အသစ်ကို ချိုးဖောက်မှုအတွက် တောင်းဆိုမှုအပြင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုအတွက် တောင်းဆိုချက်လည်း ရှိရပါမည်။ ဥပမာအားဖြင့် တောင်းဆိုသူတစ်ဦးသည် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု အတွက် အလုပ်ရှင်သည် ကျိုးကြောင်းဆီလျော်စွာ လုပ်ဆောင်ရန် ပျက်ကွက်သည်ဟု ယူဆပါက လျော်ကြေးငွေတိုးမြှင့်လာနိုင်သည့်အလားအလာရှိသောတာဝန်အသစ်ကို ချိုးဖောက်မှုအတွက်တောင်းဆိုမှုတွင် ထပ်လောင်း တောင်းဆိုနိုင်ပါသည်။

အလုပ်ရှင်များသည် လုပ်ငန်းခွင်ပြဿနာများကို ယဉ်ကျေးမှုရှုထောင့်မှ ထည့်သွင်း စဉ်းစားသင့်ပြီး မည်သည့်ပြဿနာများကို ဖော်ထုတ်နိုင်၊ ကိုင်တွယ်ဖြေရှင်းနိုင်၊ အရေးယူနိုင်သည် ဆိုသည်ကို စူးစမ်းလေ့လာသင့်ပါသည်။ ကော်မရှင်၏ လက်ရှိလမ်းညွှန်ချက်တွင် အလုပ်ရှင်များ အားလုံးသည် အလုပ်သမားများနှင့်သက်ဆိုင်သော လိင်နှောင့်ယှက်မှုဆန့်ကျင်ရေးမူဝါဒကို ထိရောက်စွာ

အကောင်အထည်ဖော်ရန်၊ စောင့်ကြည့်ရန်နှင့်ပြန်လည်သုံးသပ်ရန်မျှော်လင့်ထားကြောင်း ကော်မရှင်က အကြံပြုထားသည်။

ယူကေနိုင်ငံ၏ တန်းတူရေး နှင့် လူ့အခွင့်အရေးကော်မရှင်သည် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု နှင့် နှောင့်ယှက်မှုဆိုင်ရာ လက်ရှိလမ်းညွှန်ချက်များကို ရေးဆွဲကာ အလုပ်ရှင်များအား တာဝန်အသစ်နှင့်အညီ လိုက်နာရန်ပံ့ပိုးပေးနိုင်ရေးအတွက် ကျင့်ထုံး ထုတ်ပြန်ရန် ရည်ရွယ်ထားကြောင်းသိရှိရပါသည်။

ဥပဒေသုတေသနဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources :https://kennedyslaw.com/en/thought-leadership/article/2024/new-duty-to-prevent-sexual-harassment-at-work/
https://www.jdsupra.com/legalnews/enforcing-a-positive-duty-to-prevent-2624628/#:~:text=A%20new%20law%20relating%20to,from%20occurring%20in%20the%20workplace

**The Hague Convention on Mutual Legal Assistance (MLA) treaty နှင့်စပ်လျဉ်း၍လေ့လာခြင်း**

Amnesty International ၏ ဥပဒေနှင့် မူဝါဒရေးရာ အကြံပေးပုဂ္ဂိုလ် Fisseha Tekle က နိုင်ငံတကာ ရာဇဝတ်မှုများဖြစ်သည့် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများကိုတရားစွဲဆိုရာတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက် မှုများကို မြှင့်တင်ရန်ရည်ရွယ်သော သဘောတူစာချုပ်တစ်ရပ်ကို နိုင်ငံများမှလက်မှတ်ရေးထိုးရန် တောင်းဆိုခဲ့ပါသည်။ အဆိုပါ စာချုပ်မှာ The Hague Convention on Mutual Legal Assistance (MLA) treaty စာချုပ်ဖြစ်ပြီး အမည်အပြည့်အစုံမှာ The Hague Convention on International Cooperation in the Investigation and Prosecution of the Crime of Genocide, Crimes against Humanity, War Crimes and Other International Crimes Mutual Legal Assistance (MLA) treaty ဖြစ်ပါသည်။ ယင်းကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးသည့်အခမ်းအနားအား ၁၄-၂-၂၀၂၄ ရက်နေ့နှင့် ၁၅-၂-၂၀၂၄ ရက်နေ့တို့တွင် The Hague မြို့၌ ကျင်းပခဲ့ပါသည်။

ကွန်ဗင်းရှင်းပေါ်ပေါက်ရန် အစပြုခဲ့သည်မှာ ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် The Hague ၌ ကျင်းပသော နယ်သာလန်၊ ဘယ်လ်ဂျီယံနှင့် စလိုဗေးနီးယားနိုင်ငံတို့ ပူးပေါင်းစီစဉ်သည့် ကျွမ်းကျင်ပညာရှင်များ အစည်းအဝေးမှ စတင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါကွန်ဗင်းရှင်းကို ၂၀၂၃ ခုနှစ်၊ မေလ ၂၆ ရက်နေ့တွင် Ljubljana ရှိ MLA သံတမန်ညီလာခံဆိုင်ရာ ၁၈ ကြိမ်မြောက် စုံညီအစည်းအဝေးတွင် နိုင်ငံပေါင်း ၆၈ နိုင်ငံက သဘောတူအတည်ပြုခဲ့ပါသည်။

ကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်မှာ လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် အခြားနိုင်ငံတကာ ရာဇဝတ်မှုများအတွက် အရေးယူမခံရခြင်းအပေါ် တိုက်ဖျက်မှု အားကောင်းလာစေရေး မျှော်မှန်း၍ စာချုပ်ဝင်နိုင်ငံများအကြား ရာဇဝတ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စေရန် ဖြစ်ပါသည်။ကွန်ဗင်းရှင်းကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့ နှင့် ၁၅ ရက်နေ့တို့တွင် နိုင်ငံအားလုံးက လက်မှတ်ရေးထိုးနိုင်ရန် ဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှ စတင်၍

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့အထိ ဘရပ်ဆဲလ်မြို့ရှိ the Federal Public Service Foreign Affairs, Foreign Trade and Development Cooperation of the Kingdom of Belgium တွင် လက်မှတ်ရေးထိုးနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်သည်။

နိုင်ငံနှစ်နိုင်ငံအကြားတွင်ဖြစ်စေ၊ နိုင်ငံအများအကြားတွင်ဖြစ်စေ နိုင်ငံအချင်းချင်းဥပဒေဆိုင်ရာအကူအညီပေးရေးနှင့်စပ်လျဉ်း၍ချုပ်ဆိုထားသည့် MLA စာချုပ်များစွာရှိပါသည်။ အမေရိကန်ပြည်ထောင်စုတွင် အာဏာသက်ဝင်ပြီးသည့် MLA စာချုပ် ၁၉ ခုခန့် ရှိကြောင်း တွေ့ရှိရပါသည်။ အာဆီယံဒေသအတွင်းတွင် ရာဇဝတ်မှုများ၌ နိုင်ငံအချင်းချင်း ဥပဒေဆိုင်ရာ အကူအညီပေးရေးစာချုပ် ASEAN Treaty on Mutual Legal Assistance in Criminal Matters) ရှိပြီး ၂၀၁၃ ခုနှစ်တွင် စတင်အကျိုးသက်ရောက်ခဲ့ပါသည်။

The Hague Convention on Mutual Legal Assistance (MLA) Treaty သည် လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ်ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကိုပေးဆောင်မည့် အထင်ကရနိုင်ငံတကာသဘောတူစာချုပ်တစ်ရပ်ဖြစ်ပြီး ယခုကာလသည် စာချုပ်ကိုလက်မှတ်ရေးနိုင်ရန် ဖွင့်လှစ်ထားသည့်ကာလဖြစ်သည့်အတွက် ကွန်ဖန်းရှင်းပါပြဋ္ဌာန်းချက်များကို လေ့လာသင့်ပါကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံညာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.jurist.org/news/2024/02/amnesty-international-urges-adoption-of-landmark-treaty-fostering-cooperation-in-prosecuting-international-crimes/

https://www.gov.si/en/registries/projects/mla-initiative/

https://www.gov.si/assets/ministrstva/MZEZ/projekti/MLA-pobuda/The-Ljubljana-The-Hague-MLA-Convention.pdf

## ဩစတြေးလျနိုင်ငံအစိုးရက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်ခံရသူများနှင့် သက်သေများကို အကာအကွယ်ပေးသည့်ဥပဒေကြမ်းတစ်ရပ်အားထုတ်ပြန်မည်ဖြစ်ကြောင်းကိုကြေညာခြင်း

ဩစတြေးလျနိုင်ငံအစိုးရက ၇-၂-၂၀၂၄ ရက်နေ့ (ကြာသပတေးနေ့ )တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ခံရသူများနှင့်၎င်းအမှုများနှင့်သက်ဆိုင်သည့်သက်သေများကို အကာအကွယ်ပေးရာတွင် ပိုမိုအားကောင်းစေရန် ဥပဒေကြမ်းတစ်ရပ်အား မိတ်ဆက်ကြေညာခဲ့ပါသည်။

လိင်ပိုင်းဆိုင်ရာ ချိုးဖောက်မှုသည်နစ်နာသူများ၊ အကြမ်းဖက်ခံရမှုမှ အသက်ရှင်ကျန်ရစ်သူများ၊ ၎င်းတို့၏မိသားစုများနှင့် လူ့အသိုက်အဝန်းများအပေါ် ပျက်စီးမှုကိုသာဖြစ်စေကြောင်း၊ ဆယ်စုနှစ်အတွင်း လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက်ကျူးလွန်ခံရမှုနှင့် မတရားပြုခံရမှုများ လျော့ချရေးဆိုင်ရာအစိုးရ၏မူဝါဒအတွက် ဤဥပဒေကြမ်းသည် အခြေခံအုတ်မြစ် ချမှတ်ခြင်းဖြစ်ကြောင်းနှင့် လိင်ပိုင်းဆိုင်ရာ ချိုးဖောက်ခံရသည့်အမှုများတွင် အရည်အချင်းပြည့်ဝသည့် သက်သေများကို အကာအကွယ်ပေးနိုင်ရေးအတွက် တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပါလီမန်အမတ် Mark Dreyfus က လိင်ပိုင်းဆိုင်ရာ ချိုးဖောက်ခံရသူများက ၎င်းတို့ကြုံတွေ့ခဲ့ရသော ချိုးဖောက်ခံရမှုအားပြောဆိုရာတွင် မကြောက်မရွံ့ပြောဆိုနိုင်မှုကို အထောက်အကူဖြစ်စေရန် ပလက်ဖောင်းတစ်ခု ဖန်တီးပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဤဥပဒေကြမ်းသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်ပွားပြီးနောက်နှင့်တရားခွင်၌ စစ်ဆေးမှုများပြုလုပ်သည်အထိ နစ်နာသူများအား အထောက်အပံ့များ ပိုမိုပံ့ပိုးပေးရန်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုမှ အသက်ရှင်ကျန်ရစ်သူများနှင့် သက်သေများက ထိုအကြမ်းဖက်မှုနှင့်စပ်လျဉ်းသည့်အကြောင်းအရာများကို ပြောဆိုရာ၌ လုံခြုံမှုရှိသည့်ခံစားချက်ဖြင့် ပြောဆိုခြင်းဖြင့် သက်သေများမှအထောက်အထားများကို ပြည့်စုံစွာပေးနိုင်ပြီး ထိရောက်သော ပြစ်ဒဏ်များချမှတ်ရန်နှင့် နစ်နာသူများအနေဖြင့် စိတ်ဒဏ်ရာရရှိမှုလျော့နည်းလာစေရန်၊တိုင်ကြားသူများ သို့မဟုတ် သက်သေများကဲ့သို့သောတရားစွဲဆိုရာတွင် ပါဝင်သည့်သူများအား အကာအကွယ်ပေးရန်နှင့် ၎င်းတို့မှဖြစ်စဉ်

နှင့်ပတ်သက်၍ပိုမိုရဲဝံ့ပွင့်လင်းစွာထွက်ဆိုနိုင်ရန်တို့အတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် ဤဥပဒေကြမ်းပေါ်ပေါက်လာခြင်းဖြင့် နစ်နာသူများနှင့် အမှုနှင့်သက်ဆိုင်သည့်သက်သေများက ၎င်းတို့ကြုံတွေ့ခဲ့ရသောအခြေအနေများကို အများပြည်သူသို့ ၎င်းတို့ကိုယ်တိုင်ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် မီဒီယာအဖွဲ့အစည်းကဲ့သို့သော အခြားသော တတိယအဖွဲ့အစည်းများကို အသိပေး၍ ထုတ်ဖော်နိုင်ခြင်းတို့ကို ပြုလုပ်လာနိုင်မည်ဖြစ်ကြောင်း၊ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် လိင်ပိုင်းဆိုင်ရာနစ်နာသူများနှင့် အကြမ်းဖက်ခံရမှုမှ အသက်ရှင်ကျန်ရစ်သူများအား အကာအကွယ်ပေးခြင်းကိုအထောက်အကူဖြစ်စေမည့်အပြင် တရားခံများအပေါ် တရားမျှတ၍ ဘက်လိုက်မှုကင်းစွာဖြင့် တရားစွဲဆိုနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources :

-https://www.jurist.org/news/2024/02/australia-government-to-introduce-bill-increasing-protection-provided-to-witness-and-survivors-of-sexual-violence

-https://ministers.ag.gov.au/media-centre/strengthening-witness-protections-victims-and-survivors-sexual-abuse-07-02-2024

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

